# ဝမ္မိကသုတ္တန် အပိုင်း(၂) (၄-၁၄-၂၀၂၂)

## မြတ်စွာဘုရား၏အဖြေတော်

နောက်တနေ့တွင် အရှင် ကုမာရကဿပသည် မြတ်စွာဘုရားအား ထိုအကြောင်းစုံကို လျှောက်ထားကာ ပြဿနာ၏အဖြေကို မေးလေသော် မြတ်စွာဘုရားက အောက်ပါအတိုင်း ဖြေကြားတော်မူခဲ့လေ၏။

ရဟန်း "တောင်ပို့"ဟူသော ဤအမည်သည် အမိအဖတို့၏ သုက်သွေးကြောင့်ဖြစ်သော, ထမင်း မုယောမုန့်တို့ကြောင့် ကြီးပွားသော, မမြဲခြင်း ပွတ်သပ်ပေးရခြင်း ဆုပ်နယ်ပေးရခြင်း ပြိုကွဲခြင်း ပျက်စီးခြင်းသဘောရှိသော, မဟာဘုတ်လေးပါးတို့ကြောင့်ဖြစ်သော ဤကိုယ်၏အမည်တည်း။

ရဟန်း နေ့အခါတွင်ပြုထားသောအမှုကို အာရုံပြု၍ ညဌ် ကြံစည်၏၊ စဉ်းစား၏။ ဤကြံစည်စဉ်းစားခြင်းသည် ညဌ် အခိုးလွှတ်ခြင်းတည်း။

ရဟန်း ညအခါတွင် ကြံစည်စဉ်းစား၍ နေ့တွင် အမှုတို့ကို ကိုယ်, နှုတ်, စိတ်အားဖြင့် အားထုတ်၏။ ဤအားထုတ်ခြင်းသည် နေ့၌တောက်ပခြင်းတည်း။

ရဟန်း "ဗြာဟ္မဏ=ပုဏ္ဏား"ဟူသော ဤအမည်သည် ကိလေသာရန်သူကို ပယ်သတ်ပြီးသော, တရားအားလုံးကို အလိုလို ကိုယ်တိုင် မှန်ကန်စွာ သိတော်မူသော မြတ်စွာဘုရား၏အမည်တည်း။ "ပညာရှိ" ဟူသော ဤအမည်သည် ကျင့်ဆဲ(သေက္ခ)ရဟန်း၏ အမည်တည်း။ "ဓား လက်နက်" ဟူသော ဤအမည်သည် အရိယာမဂ်ပညာ၏ အမည်တည်း။ "အဆင့်ဆင့်တူးခြင်း" ဟူသော ဤအမည်သည် လုံ့လအားထုတ်ခြင်း၏ အမည်တည်း။ တံခါးကျင်(မင်းတုပ်)"ဟူသော ဤအမည်သည် မသိမှု အဝိဇ္ဇာ၏ အမည်တည်း။ "ဖား" ဟူသော ဤအမည်သည် အားကြီးသောအမျက်ထွက်ခြင်း၏ အမည်တည်း။ "လမ်းနှစ်ခွ" ဟူသော ဤအမည်သည် တွေးတောယုံမှားခြင်း၏ အမည်တည်း။

“ဆပ်ပြာ ရေစစ်” ဟူသော ဤအမည်သည် ကာမဋ္ဌလိုချင်ခြင်းဟူသော အပိတ်အပင်, ပျက်စီးစေလိုမှုဟူသော အပိတ်အပင်, ထိုင်းမှိုင်းခြင်းဟူသော အပိတ်အပင်, ပျံ့လွင့်ခြင်း နောင်တရခြင်းဟူသော အပိတ်အပင်, တွေးတောယုံမှားခြင်းဟူသော အပိတ်အပင်, ဤ အပိတ်အပင် ငါးမျိုးတို့၏ အမည်တည်း။

“လိပ်” ဟူသော ဤအမည်သည် ရုပ်ဟူသော စွဲယူအပ်သော ခန္ဓာ၊ ခံစားခြင်းဟူသော စွဲယူ အပ်သော ခန္ဓာ၊ မှတ်သားခြင်းဟူသော စွဲယူအပ်သော ခန္ဓာ၊ ပြုပြင်စီရင်မှုဟူသော စွဲယူအပ်သော ခန္ဓာ၊ အထူးသိမှုဟူသော စွဲယူအပ်သော ခန္ဓာ၊ ဤ စွဲယူအပ်သော ခန္ဓာ ငါးပါးတို့၏ အမည်တည်း။

“သံလျက်နှင့် စဉ်းတီးတုံး”ဟူသော ဤအမည်သည် အလိုရှိအပ် နှစ်သက်အပ်သော စိတ်ကို ဆွဲဆောင်တတ်ကုန်သော ချစ်ခင်အပ်သော သဘောရှိကုန်သော ကာမရာဂဖြင့် တပ်မက်အပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် အထူးသိအပ်ကုန်သော အဆင်း၊ သောတ ဝိညာဏ်ဖြင့် အထူးသိအပ်ကုန်သော အသံ၊ ဃာနဝိညာဏ်ဖြင့် အထူးသိအပ်ကုန်သော အနံ့၊ ဇိဝှါဝိညာဏ်ဖြင့် အထူးသိအပ်ကုန်သော အရသာ၊ ကာယဝိညာဏ်ဖြင့် အထူး သိအပ်ကုန်သော အတွေ့အထိဟူကုန်သော ကာမဂုဏ်ငါးပါးတို့၏ အမည်တည်း။

“သားတစ်” ဟူသော ဤအမည်သည် နှစ်သက်တပ်စွန်းခြင်း ‘နန္ဒီရာဂ’၏အမည်တည်း။
“နဂါး” ဟူသော ဤအမည်သည် ရဟန္တာရဟန်း၏ အမည်တည်း။

## အဖြေဆောင်ပုဒ်များ

**(၁) တောင်ပို့ဆိုတာ ဘယ်ဟာလဲ။**

**ဤရုပ်ကိုယ်ကြီးပဲ။**

**(၂) မီးခိုးဆိုတာ ဘယ်ဟာလဲ။**

ညမှာကြံတွေးနေတာပဲ။

(၃) မီးလျှံဆိုတာ ဘယ်ဟာလဲ။

နေ့ခင်းကျတော့ ပြုတာပဲ။

(၄) ဆရာဆိုတာ ဘယ်သူလဲ။

ငါတို့မြတ်စွာဘုရားပဲ။

(၅) တပည့်ဆိုတာ ဘယ်သူလဲ။

ရှုမှတ်နေတဲ့ ယောဂီပဲ။

(၆) ပေါက်တူးဆိုတာ ဘယ်ဟာလဲ။

မှတ်သိနေတဲ့ ပညာပဲ။

(၇) တူးတယ်ဆိုတာ ဘယ်ဟာလဲ။

ကြောင့်ကြစိုက်တဲ့ လုံ့လပဲ။

(၈) မင်းတုပ်ဆိုတာ ဘယ်ဟာလဲ။

ရှုမှတ်နည်းကို မသိတာပဲ။

(၉) ဖားပြုပ်ဆိုတာ ဘယ်ဟာလဲ။

စိတ်ဆိုးတတ်တဲ့ ဒေါသပဲ။

(၁၀) လမ်းခွဆိုတာ ဘယ်ဟာလဲ။

ဝေဖန်စဉ်းစား ယုံမှားပဲ။

**(၁၁) ရေစစ်ဆိုတာ ဘယ်ဟာလဲ။**

**နီဝရဏငါးပါးတရားပဲ။**

**(၁၂) လိပ်ညစ်ဆိုတာ ဘယ်ဟာလဲ။**

**ခန္ဓာငါးပါးတရားပဲ။**

**(၁၃) စဉ်းတီးဆိုတာ ဘယ်ဟာလဲ။**

**ငါးပါးအာရုံ ကာမဂုဏ်ပဲ။**

**(၁၄) သားတစ်ဆိုတာ ဘယ်ဟာလဲ။**

**နှစ်သက်တပ်စွဲ ရာဂပဲ။**

**(၁၅) နဂါးဆိုတာ ဘယ်ဟာလဲ။**

**အာသဝေါကင်းကွာ ရဟန္တာပဲ။**

မြတ်စွာဘုရားသည် ဤသို့ဟောကြားတော်မူ၏။ အရှင်ကုမာရကဿပသည် မြတ်စွာဘုရား ဟောတော်မူသောတရားကို နှစ်ခြိုက်ဝမ်းမြောက်စွာ ခံယူလေ၏။

## ဝမ္မိကသုတ္တန်ကို အဋ္ဌကထာအဖွင့်ဖြင့် လေ့လာကြည့်ခြင်း

အခါတပါး၌ ဇနပုဒ်နေ ပြာဟ္မဏဆရာကြီးသည် တပည့်လုလင်နှင့်တကွ နံနက်စောစော ရွာမှထွက်၍ နေ့အခါ တောထဲတွင် ဗေဒင်တို့ကို ပို့ချပြီး ညအခါ ရွာသို့ ပြန်လာ၏။ ထိုလမ်းခရီးတွင် ထူးဆန်းသော တောင်ပို့တစ်ခု ရှိ၏။ ထိုတောင်ပို့သည် ညအခါ အခိုးလွှတ်၏၊ နေ့အခါ မီးလျှံထွက်နေ၏။ ပြာဟ္မဏဆရာကြီးသည် တပည့်အား ပေါက်တူးကို ပေး၍ ထိုထူးဆန်းသော တောင်ပို့ကို ဖြို၍ခွဲတူးဆွခိုင်းလေ၏။ တပည့်သည်

ပေါက်တူးကို ကိုင်၍ ညီညွတ်သောခြေတို့ဖြင့် မြေ၌ရပ်ကာ ဆရာခိုင်းသည့်အတိုင်း ပြုလေ၏။ ဤကား ဥပမာစကားတည်း။

## အဘယ့်ကြောင့် တောင်ပို့ခေါ်သနည်း?

(၁) အန်ထုတ်သကဲ့သို့ဖြစ်တတ်သောကြောင့်၎င်း၊ (၂) စွန့်ပစ်တတ်သောကြောင့်၎င်း၊ (၃) ခြတို့သည် အန်အပ်သော မြေမှုန့်တို့၏အပေါင်းအစုဖြစ်သောကြောင့်၎င်း၊ (၄) ခြတို့သည် အန်အပ်သော တံတွေးအစေးဖြင့် ပေါင်းဖွဲ့ထားသောကြောင့်၎င်း “ဝမ္မိက=တောင်ပို့”ဟု ခေါ်ရ၏။

## တောင်ပို့ သဘာဝ ခန္ဓာပြ

ပကတိတောင်ပို့၌ အပေါက်ကြီး အပေါက်ငယ် များစွာရှိ၍ ထိုအပေါက်တို့မှ မြွေ, ကြွက် အစရှိသော သတ္တဝါများကို အန်ထုတ်သကဲ့သို့ဖြစ်သလို မိမိတို့ခန္ဓာကိုယ်မှာ မျက်စိပေါက်, နားပေါက်-စသော အပေါက်ကြီးများ၊ အပေါက်ငယ်များဖြစ်သည့် မွေးညှင်းပေါက်များမှ ရွံစရာ အညစ်အကြေးများကို အန်ထုတ်သကဲ့သို့ဖြစ်သောကြောင့် ဤခန္ဓာကိုယ်ကြီးသည် တောင်ပို့နှင့် တူပေ၏။

တောင်ပို့ဟူသည် ခြကောင်လေးများ အံထုတ် စွန့်ပစ်ထားသော မြေမှုန့်အစုကို ခေါ် သကဲ့သို့ ဤခန္ဓာကိုယ်ကြီးသည်လည်း ဘုရား, ရဟန္တာများ ရွံရှာစက်ဆုပ်ပြီး စွန့်ပစ်ထား သော (၃၂)ကောဋ္ဌာသ အစုအပုံနှင့်တူပေ၏။ ဤ ဆံပင်, မွေညှင်း, ခြေသည်းလက်သည်း အစရှိသော (၃၂)ကောဋ္ဌာသအစုကို ပုထုဇဉ်များက သာယာနှစ်သက်နေကြ၏။ ထို့ကြောင့် လည်း ဆံပင်-စသည့်ကို အမျိုးမျိုး ပြုပြင်အလှဆင်ပြီး ငါငါ့ဥစ္စာအနေဖြင့် သာယာ စွဲလမ်းနေကြ၏။ သို့သော် ထိုဆံပင်-စသည့်ကို မိမိခန္ဓာကိုယ်မှာရှိစဉ်သာ သာယာ နှစ်သက် စွဲလမ်းနေကြသော်လည်း ခန္ဓာကိုယ်နှင့်ကင်းကွာသွားသောအခါ ရွံရှာတတ်ကြ သည် မဟုတ်ပါလား။ (၃၂)ကောဋ္ဌာသတို့တွင် ကျင်ကြီးကျင်ငယ်တို့ကို ကိုယ်ထဲ၌ရှိနေစဉ်

ရွံ့စရာကောင်းမှန်းမသိကြသော်လည်း အပြင်ဖက်ထွက်လာသောအခါ အလွန်ရွံ့စရာ ဟု ထင်မြင်ကြသည် မဟုတ်ပါလား။ ဤသုတ္တန်၌ သိစေလိုရင်းမှာ ဘုရား, ရဟန္တာ သူတော်ကောင်းများသည် ရွံ့ရှာစက်ဆုပ်ပြီး မတွယ်တာဘဲ စွန့်ပစ်ထားသော ဤခန္ဓာကိုယ်ကို စက်ဆုပ်ရွံ့ရှာဖွယ်အစုအဝေးအဖြစ် အမှန်အတိုင်းသိလျှက် ဤရုပ်ခန္ဓာကိုယ်၌ တွယ်တာမှုကင်းအောင် ပယ်စွန့်နိုင်အောင် အားထုတ်ကြရန်ဖြစ်၏။

တောင်ပို့ဟူသည် ခြတို့သည် အန်အပ်သောတံတွေးအစေးဖြင့် ဖွဲ့စည်းထားသော မြေမှုန့်အစုဖြစ်၏။ ထို့အတူ ဘုရား–အစရှိသော အရိယာပုဂ္ဂိုလ်တို့သည် ဤခန္ဓာကိုယ်၌ တပ်မက်ခြင်း တဏှာကို အရိယာမဂ်ဖြင့် ကုန်စေသဖြင့် အန်အပ်သော တဏှာအစေးဖြင့် ဖွဲ့စည်းထားသော ဤခန္ဓာကိုယ်သည် တောင်ပို့နှင့်တူ၏။ မှန်၏၊ ဤခန္ဓာကိုယ်ကို အရိုးသုံးရာတို့ဖြင့် စိုက်ထောင်ထားပြီး အကြောကိုးရာတို့ဖြင့် ဖွဲ့ထား၍ အသားကိုးရာတို့ဖြင့် လိမ်းကျံထားအပ်၏၊ စိုစွတ်သော အရေတို့ဖြင့် မြှေးယှက်ပြီး အရေပါးဖြင့် ဖုံးလွှမ်းထားကာ သတ္တဝါတို့ကို လှည့်ပတ်တတ်၏။ ထိုအလုံးစုံကို အမှန်အတိုင်းသိမြင်သော ဘုရား–အစရှိသော အရိယာပုဂ္ဂိုလ်တို့သည် စွန့်ပယ်ထားသည်သာတည်း။ ဤခန္ဓာကိုယ်ကို အမှန်အတိုင်း မသိသူ ပုထုဇဉ်များသာ တဏှာဖြင့် သာယာတတ်ရကား ဤခန္ဓာကိုယ်သည် တဏှာအစေးဖြင့် ဖွဲ့စည်းထားသည်ဟု ဆိုရပေသည်။

အမျိုးမျိုးသော သတ္တဝါတို့သည် တောင်ပို့အတွင်း၌ ပေါက်ဖွားကြ၏၊ ကျင်ကြီးကျင်ငယ်စွန့်ကြ၏၊ နာမကျန်းဖြစ်ကြ၏၊ သေကြ၏။ ထိုကြောင့် တောင်ပို့သည် ထိုမြွေ, ကင်း–စသော သတ္တဝါတို့၏ သားဖွားရာအိမ်, မစင်စွန့်ရာအိမ်, ဆေးရုံ, သုသာန်သင်းချိုင်းဖြစ်၏။ ထို့အတူ ဘုရင်, သမ္မတ, ဝန်ကြီး, သူဌေး–အစရှိသောသူတို့သည် မိမိတို့ခန္ဓာကိုယ်ကို သာယာစွဲလမ်း၍ စောင့်ရှောက်ပြုပြင် တန်ဆာဆင်ပါသော်လည်း ခန္ဓာကိုယ်သည် အရေပါးကို မှီသောပိုး, အရေထူကို မှီသောပိုး, အသားကို မှီသောပိုး, အကြောကို မှီသောပိုး, အရိုးကို မှီသောပိုး, ရိုးတွင်းခြင်ဆီကို မှီသောပိုး အစရှိသည်ဖြင့် ပိုးမျိုး

ရှစ်ဆယ်တို့၏ သားဖွားရာအိမ်, မစင်စွန့်ရာအိမ်, ဆေးရုံ, သုသာန်သင်းချိုင်းပင်ဖြစ်၏။ ထို့ကြောင့် တောင်ပို့ကြီးကဲ့သို့ ဤခန္ဓာကိုယ်သည် ကျက်သရေမင်္ဂလာမဲ့ပြီး ရွံစရာ ကြောက်စရာ ကောင်းလှပေသည်။

ထိုအကြောင်းတို့ကြောင့်လည်း မြတ်စွာဘုရားက 'တောင်ပို့'ဟူသော ဤအမည်သည် အမိအဖတို့၏ သုက်သွေးကြောင့်ဖြစ်သော, ထမင်း မုယောမုန့်တို့ကြောင့် ကြီးပွားသော, မမြဲခြင်း ပွတ်သပ်ပေးရခြင်း ဆုပ်နယ်ပေးရခြင်း ပြိုကွဲခြင်း ပျက်စီးခြင်းသဘောရှိသော, မဟာဘုတ်လေးပါးတို့ကြောင့်ဖြစ်သော ဤကိုယ်၏အမည်တည်း"ဟူ၍ အဖြေပေးတော်မူခဲ့၏။

## ဓာတ်ကြီးလေးပါးအစု တောင်ပို့ကြီး

မြေမှုန့်အစုအဝေးတို့ဖြင့် ပေါင်းစုထားသည့်အရာကို တောင်ပို့ခေါ်ရသကဲ့သို့ ပထဝီ, အာပေါ, တေဇော, ဝါယော–ဟုဆိုအပ်သော ဓာတ်ကြီးလေးပါးအစုအဝေးကို ဤရုပ်ခန္ဓာကိုယ်–ဟူ၍ ဆိုရ၏။ ပထဝီဓာတ်ကို ဝိပဿနာဉာဏ်ဖြင့် စစ်ဆေးကြည့်လျှင် ကြမ်းမှု, မာမှု, ချောညက်မှု, နူးညံ့မှု သဘောကိုသာ တွေ့ရ၏။ ဤခန္ဓာကိုယ်မှာ ဆံပင်, မွေးညင်း, ခြေသည်း, လက်သည်း, သွား, အရေ, အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညို့, နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ်, အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်– ဟူသော (၂၀)သော ပထဝီဓာတ်လွှမ်းကဲနေသည့် ရုပ်ဓာတ်တို့ကို စစ်ဆေးကြည့်ပါက ဤသဘာဝလက္ခဏာ ပင်ကိုယ်သဘောရင်းတို့ကို တွေ့ရပေသည်။ ရှုမှတ်နေသောယောဂီသည် ဆံပင်, မွေးညင်း စသည်ကို ထိသောအခါ မာ–ပျော့သဘောကို တွေ့လျှင် ပထဝီကို သိခြင်းဖြစ်၏၊ ပူ–အေး၊ ရင့်ကျက်သဘောကို တွေ့လျှင် တေဇောကို သိခြင်းဖြစ်၏၊ တောင့်တင်း လှုပ်ရှားသဘောကို တွေ့လျှင် ဝါယောကို သိခြင်းဖြစ်၏၊ ယိုစီး ဖွဲ့စည်း စိုထိုင်းသဘောကို တွေ့လျှင် အာပေါကို သိခြင်းဖြစ်၏။ ထိုသို့သဘောမျှ

ကိုသာ သိနေခြင်းသည် ယောကျ်ားဆံပင်, မိန်းမဆံပင်–စသည်ဖြင့် အထည်ဝတ္ထုပညတ်, ပုဂ္ဂိုလ်ပညတ်သို့ စိတ်မရောက်ဘဲ အမှန်အတိုင်း သိနေခြင်းပင်တည်း။

ထို့အတူ ဤခန္ဓာကိုယ်မှာ သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်–ဟူသော (၁၂)မျိုးသော အာပေါဓာတ် လွန်ကဲသော ရုပ်အစုကို အာပေါဓာတ်–စသည်မြင်အောင် ရှုနိုင်လျှင် အမှန်အတိုင်း သိနေခြင်းပင်တည်း။ ဤခန္ဓာကိုယ်၌ တေဇောဓာတ်သည် (၁) ဇီရဏတေဇော–ဟုခေါ်သော ရင့်ရော်အိုမင်းစေတတ်သောတေဇော၊ (၂) သန္တပ္ပနတေဇော–ဟုခေါ်သော အဖျားရှိန်အပူငွေ့တေဇော၊ (၃) ဒါဟတေဇော–ဟုခေါ်သော အလွန်အမင်းပူလောင်သောတေဇော၊ (၄) ပါစကတေဇော–ဟုခေါ်သော စားလိုက်သည့်အစာကို ကျေညက်စေသည့်တေဇော၊ ဤလေးမျိုးသောတေဇော၏ သဘောကို သိမြင်နေမှသာ ပညတ်နှင့် ကိလေသာမှ လွတ်ကင်းနိုင်ပေ၏။ ဤခန္ဓာကိုယ်၌ ဝါယောသည် (၁) အထက်ကို ဆန်တက်သောလေ၊ (၂) အောက်ကို စုန်ဆင်းသောလေ၊ (၃) အူတွင်းလေ၊ (၄) အူအပြင်ဘက် ဝမ်းတွင်း၌ရှိသောလေ၊ (၅) ဝင်လေထွက်လေ၊ (၆) လက်ခြေ–စသော ကိုယ်အစိပ်အပိုင်းတို့၌ရှိသောလေ၊ ဤလေ(၆)မျိုးကို သူ့သဘောအတိုင်း သိမြင်ရပေမည်။

ဤကဲ့သို့ ခန္ဓာကိုယ်၌ ပထဝီအစု နှစ်ဆယ်၊ အာပေါအစု တစ်ဆယ့်နှစ်၊ တေဇောအစု လေးခု၊ ဝါယောအစု ခြောက်ခု၊ အားလုံးစုစုပေါင်း (၄၂)မျိုးတို့သည် အကျဉ်းချုံးပြောလျှင် ဓာတ်လေးပါးတို့သာဖြစ်သောကြောင့် မြတ်စွာဘုရားက ‘တောင်ပို့’ဟူသော ဤအမည်သည် မဟာဘုတ်လေးပါးတို့ကြောင့်ဖြစ်သော ဤကိုယ်၏အမည်တည်း ဟူ၍ အဖြေပေးတော်မူခဲ့ခြင်းဖြစ်၏။

ဘုရားရှင်၏ဒေသနာတော်ကို ဝိပဿနာလုပ်ငန်းခွင်၌ ဉာဏ်ဖြင့် စိစစ်ကြည့်သော ယောဂီအနေဖြင့် မဟာဘုတ်လေးပါးကို အောက်ပါအတိုင်း သိမြင်ရပေမည်။

ကြမ်းတမ်း မာခက်၊ ချောညက် တမည်။

တည်ရာ–ကိစ္စ၊ သူက ပြုသည်။

ခံလင့်ဆောင်ရေး၊ ပေါ့–လေး ထင်သည်။

ပထဝီဓာတ်၊ သိမှတ် မြတ်ယောဂီ။

အရည် တနည်း၊ ယိုစီး တမည်။

စိုထိုင်း ဖွဲ့ထွား၊ တိုးပွားစေသည်။

စေးကပ်ပူးတွဲ၊ လုံးခဲထင်သည်။

အာပေါဓာတ်၊ သိမှတ် မြတ်ယောဂီ။

အပူ အနွေး၊ အအေး တမည်။

ပူငွေ့ပေးလျက်၊ ရင့်ကျက်စေသည်။

နူးညံ့ပျော့ပျောင်း၊ ဆင့်လောင်းပေးသည်။

တေဇောဓာတ်၊ သိမှတ် မြတ်ယောဂီ။

ထောက်ကန်တောင့်တင်း၊ လျော့ခြင်း တမည်။

ယိမ်းယိုင် လှုပ်ရှား၊ ရွေ့သွားတတ်သည်။

သူလိုရာဘက်၊ တွန်းလျက်ဆောင်သည်။

ဝါယောဓာတ်၊ သိမှတ် မြတ်ယောဂီ။

## တောင်ပို့တည်းဟူသော ခန္ဓာမှထွက်သော မီးခိုး=အကြံ နှင့် မီးလျှံ = ကံ

နေ့ခင်းစသည်၌ လုပ်ရမည့် အမှုကိစ္စတို့ကို အကြောင်းပြု၍ ညအခါ အဖန်ဖန် အထပ်ထပ် စဉ်းစား ကြံစည်နေခြင်း(ဝိတက်)ကို ညအခါတောင်ပို့မှ မီးခိုးထွက်နေသည်ဟု တင်စား ထားခြင်းဖြစ်၏။ ဥပုသ်သီတင်းသီလဆောက်တည်ဖို့၊ ဆွမ်းလှူဖို့၊ တရားနာဖို့–စသည်ဖြင့် ကြံစည်နေခြင်း(ဝိတက်)ကို ကောင်းသော မီးခိုးဟု ဆိုနိုင်၏။ သူများကို သတ်ဖို့၊ သူ့ပစ္စည်းကို ခိုးယူဖို့–စသည်ဖြင့် ကြံစည်နေခြင်း(ဝိတက်)ကို မကောင်းသော မီးခိုးဟု ဆိုရမှာပါ။ ဝိပဿနာရှုမှတ်နေသော ယောဂီအတွက် မည်သည့်အကြံအစည်ပင်ဖြစ်ပေါ် ပါစေ ရှုမှတ်ပြီး ပယ်ရှားသင့်ပါ၏။ ထို့ကြောင့် မြတ်စွာဘုရားက “နေ့အခါတွင်ပြုထား သောအမှုကို အာရုံပြု၍ ည၌ ကြံစည်၏၊ စဉ်းစား၏။ ဤကြံစည်စဉ်းစားခြင်းသည် ည၌ အခိုးလွှတ်ခြင်းတည်း”ဟု ဖြေကြားတော်မူခဲ့ပေသည်။

ထူးဆန်းသောတောင်ပို့ကြီးသည် နေ့အခါ၌ မီးလျှံများထွက်နေသကဲ့သို့ သတ္တဝါတို့၏ ခန္ဓာကိုယ်ကြီးမှ နေ့အခါ၌ ကံတည်းဟူသော မီးလျှံများထွက်နေ၏။ ည၌ကြံစည်ထား သော ထိုထိုအလုပ်ကိစ္စများကို နေ့အချိန်တွင် ကိုယ်ဖြင့် တလှုပ်လှုပ် တရွရွ ပြုလုပ်နေ၏၊ နှုတ်ဖြင့်လည်း အမျိုးမျိုး အဖုံဖုံ ပြောဆိုဆောင်ရွက်၏။ ကောင်းသောသုစရိုက်ကံများ သည် လိုရာအသုံးပြုနိုင်သော အသုံးဝင်သည့်မီးကဲ့သို့ဖြစ်ပြီး မကောင်းသော ဒုစရိုက်ကံ များသည် လူ့ဘောင်လောကကို လောင်ကျွမ်းဖျက်ဆီးသည့်မီးနှင့်တူပေ၏။ ထိုသို့ ကာယကံ၊ ဝစီကံ မျိုးစုံကို နေ့အခါ အားထုတ်ပြုလုပ်နေခြင်းကို ရည်ရွယ်ပြီး ဘုရားရှင်က “ညအခါတွင် ကြံစည် စဉ်းစား၍ နေ့တွင် အမှုတို့ကို ကိုယ်, နှုတ်, စိတ်အားဖြင့် အားထုတ် ၏။ ဤအားထုတ်ခြင်းသည် နေ့၌မီးလျှံတောက်ပခြင်းတည်း”ဟူ၍ ဖြေဆိုတော်မူခဲ့၏။

“ဗြာဟ္မဏ=ပုဏ္ဏား”ဟူသည် ရာဂ, ဒေါသ, မောဟ, မာန, သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမသ–ဤတရား ခုနစ်ပါးတို့ကို ပယ်ရှားတတ်သောသူတည်း။ ဤသုတ္တန်၌

ကိလေသာ အာသဝေါများကို ဝါသနာနှင့်တကွ လုံးဝပယ်ရှားထားသဖြင့် ပူဇော်အထူးကို ခံတော်မူထိုက်သော သစ္စာလေးပါး ခပ်သိမ်းသောတရားတို့ကို ပိုင်းခြားဝေဖန် ကိုယ်ပိုင် ဉာဏ်ဖြင့် မှန်ကန်စွာ သိတော်မူသော မြတ်စွာဘုရားကို လူနတ်ဗြဟ္မာသတ္တဝါတို့၏ အတုမရှိ ဆရာတစ်ဆူဖြစ်တော်မူသောကြောင့် ဗြာဟ္မဏဆရာကြီးဟူ၍ တင်စား ခေါ်ဝေါ် ရ၏။ ထို့ကြောင့် ဘုရားရှင်က "ဗြာဟ္မဏ=ပုဏ္ဏား"ဟူသော ဤအမည်သည် ကိလေသာ ရန်သူကို ပယ်သတ်ပြီးသော, တရားအားလုံးကို အလိုလို ကိုယ်တိုင် မှန်ကန်စွာ သိတော် မူသော မြတ်စွာဘုရား၏အမည်တည်းဟူ၍ ဖြေဆိုတော်မူခဲ့၏။ ဤသုတ္တန်၌ ကောင်း သော ဉာဏ်ပညာနှင့်ပြည့်စုံသော တပည့်ဟူသော အမည်သည် သီလအကျင့်, သမာဓိ အကျင့်, ပညာအကျင့်တို့ကို ကျင့်သုံးအားထုတ်နေဆဲ သေက္ခပုဂ္ဂိုလ်ကို ဆိုလိုသည်။ အထူးအားဖြင့် ဝိပဿနာပညာအကျင့်ကို ကျင့်နေသူတည်း။ အဘယ့်ကြောင့်ဆိုသော် ဝိပဿနာကျင့်နေသူသည် သီလကလည်းပြည့်စုံပြီး သမာဓိကလည်း ဝိပဿနာဉာဏ်နှင့် တွဲဖက်ကာ ရှုမှတ်နေရသောကြောင့်တည်း။

**တောင်ပို့–ကိုယ်ထည်၊ ကြံစည်–မီးခိုး၊ ပြုမျိုး–မီးပါ၊ ဆရာ–ဘုရား၊ တပည့်ကား မှတ်သား ယောဂီတည်း။**

"ခား လက်နက်" ဟူသော ဤအမည်သည် အရိယာမဂ်ပညာ၏ အမည်တည်း–ဟူ၍ ဘုရားရှင်၏အဖြေတော်တွင် အကောင်းဆုံး လောကုတ္တရာ အရိယမဂ်ပညာကို ဆိုထား သော်လည်း လောကီပညာဟုဆိုအပ်သော စတုခာတုဝဝတ္ထာန် (ဓာတ်လေးပါးကို ခွဲခြမ်း စိပ်ဖြာသော) ဝိပဿနာပညာတို့ကိုလည်း ထည့်သွင်းယူရပေမည်။ ဝိပဿနာအားမထုတ် ဖူးသော ပုဂ္ဂိုလ်သည် ဤကိုယ်ကြီးကို တလုံးတခဲတည်းဟု မှတ်ထင်နေ၏။ ဝိပဿနာ ရှုပွားသောယောဂီသည်ကား ကိုယ်အမူအရာ ပြုတိုင်း, တွေ့ထိတိုင်း "သွားတယ်, ရပ်တယ်, ထိုင်တယ်, ထိတယ်, ကွေးတယ်, ဆန့်တယ်"စသည်ဖြင့် မပြတ်ရှုမှတ်နေသော အခါ မာမှု, ပျော့မှုက တစ်ပုံ၊ ပူမှု, အေးမှုက တစ်ပုံ၊ တောင့်တင်း, လှုပ်ရှားမှုက တစ်ပုံ၊

ဖွဲ့စည်း, ယိုစည်းမှုက တစ်ပုံ၊ ဤကဲ့သို့ လေးပုံ လေးမျိုးကွဲသွားလေ၏။ ပေါက်တူးဖြင့် တူးဆွလိုက်သော် တောင်ပို့ကြီးသည် အစိပ်စိပ်ကွဲသွားသည်နှင့်တူပေ၏။ ဤရုပ်ကိုယ်ကြီးကိုလည်း ဝိပဿနာပညာဖြင့် မပြတ်မလတ် တရစပ် ရှုမှတ်လျှက် တူးဆွလိုက်သော် ဓာတ်ကြီးလေးပါးသည် တစ်ခုစီ တစ်ခုစီ အသီးသီး သူ့သဘောသူဆောင် သူ့အလုပ်သူလုပ်လျှက် ဖြစ်လိုက် ပျက်လိုက် ရှိနေကြောင်း၊ ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ–ဟူ၍ ညွှန်ပြစရာ မရှိကြောင်းကို တွေ့လာရပေသည်။ **“ပညတ်ပေါ်လျှင် ပရမတ်ငုတ်မြဲ၊ ပရမတ်ပေါ်လျှင် ပညတ်ကွယ်ပျောက်မြဲ”**ဟူသော ဆိုရိုးစကားနှင့်အညီ ဦးခေါင်း သဏ္ဌာန်စသော ပညတ်ပေါ်နေသည့်အခါ ထိုဦးခေါင်းစသည်တို့၌ ရှိကြကုန်သော ရုပ်ဓာတ်တို့သည် ငုတ်မြုပ်၍ နေကြကုန်၏။ ထိုဦးခေါင်း သဏ္ဌာန် စသည်ကို ဝိပဿနာဉာဏ်ပညာဖြင့် ထုနှက်ကြိတ်နယ်၍ ဖျက်ဆီးပြန်သည်ရှိသော် ပရမတ် ပထဝီဓာတ်စသည်တို့သည် ပေါ်ထွက်၍လာကုန်၏။

## ဃနကျေမှ အနတ္တဉာဏ်ပိုင်မည်

ဤနေရာ၌ ယောဂီတို့အတွက် နားလည်ထားရန် လိုအပ်သော ဃန(၄)ပါးအကြောင်းကို ရှင်းပြလို၏။ (၁) သန္တတိဃန၊ (၂) သမူဟဃန၊ (၃) ကိစ္စဃန၊ (၄) အာရမ္မဏဃန–ဟူ၍ ဃနလေးပါးရှိသည်။

(၁) ထိုလေးပါးတို့တွင် ရှေ့နောက်စီကာစဉ်ကာဖြစ်သော ရုပ်နာမ်တရားတို့၏ အခြားမရှိ အကြားမထင်သောအားဖြင့် တရားလုံး တခုတည်းကဲ့သို့ ထင်မှတ်ယူရအောင် ဖြစ်ပွါးခြင်း စုလျက်, တွဲလျက်, ခဲလျက် ဖြစ်ပွါးခြင်းသည် သန္တတိဃန မည်၏။ ဤ၌ “အခြားမရှိသောအားဖြင့်ဖြစ်ခြင်း” ဟူသည်မှာ ရှေ့တရား၏ ဘင်ခဏနှင့် ပြိုင်လျက် နောက်တရားက ဖြစ်ခြင်း၊ (တနည်း) ရှေ့တရားချုပ်သည်၏ အခြားမဲ့မှာပင် နောက်တရားက ထင်ရှားဖြစ်ခြင်းကို ဆိုလိုသည်။

၎င်းကို (ပုရိမပစ္ဆိမာနံ နိရန္တရတာ = ရှေ့တရား နောက်တရားတို့၏ အကြားမရှိ ဖြစ်သည့်၏အဖြစ်) ဟူ၍ ဋီကာဆရာကြီးများ ခေါ်ဆို အသုံးပြုတော်မူကြသည်။ ယင်းကဲ့သို့ အခြားမရှိ အကြားမထင်အောင် ဖြစ်ပွါးခြင်းဖြင့် အဖြစ်တရားဖက်က အားရှိကာ ဖုံးလွှမ်းအပ်သကဲ့သို့ ဖြစ်၍ အပျက်တရားဖက်က မထင်ရှားသောကြောင့် "ယခုတွေ့မြင်ရသော တရားသည် ယခင်တွေ့မြင်ရသော တရားပင်တည်း"ဟု မှတ်ယူသော အနေဖြင့် လူများ အပေါင်းတို့ ဖောက်ပြန်ထွေပြား အထင်မှား, အမှတ်မှားကြရလေသည်။ ဤသဘောကို "ထင်းမီးစတခုကို ကိုင်၍ ဝှေ့ရမ်းလျှင် မီးဝိုင်းကြီး-ဟု ထင်ရမှု"က သက်သေခံလျက် ရှိသည်။ (ဤကား သန္တတိဃနတည်း)

(၂) ဖဿ - အစရှိသောနာမ်တရား၊ ပထဝီ - အစရှိသော ရုပ်တရားတို့၏ ထိုထို နာမ်ကလာပ် ရုပ်ကလာပ်တို့၌ တပေါင်းတည်း တစုတည်းအနေဖြင့် ပရမတ္ထ တရားသား တခုတည်းကဲ့သို့ ထင်မှတ်ရအောင် စုလျက်, တွဲလျက်, ခဲလျက် ဖြစ်ပွါးခြင်းသည် သမူဟဃနမည်၏။

နာမ်တရား, ရုပ်တရားတို့သည် ဖြစ်ပွါးကြသောအခါ တရားလုံး (သဘာဝသတ္တိ) တခုတည်းသာ ဖြစ်ကြသည်မဟုတ်၊ နာမ်တရားဖက်ကလည်း အနည်းဆုံး ရှစ်မျိုး (စက္ခုဝိညာဏ်နှင့် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ပါးကို ဆိုလိုသည်)၊ ရုပ်တရားဖက်ကလည်း အနည်းဆုံး ရှစ်မျိုးပင် (အဋ္ဌကလာပ်ရုပ်ကို ရည်ညွှန်းသည်) ဖြစ်ပွါးကြသည်။ ယင်းကဲ့သို့ အနည်းဆုံး သဘာဝသတ္တိ ရှစ်မျိုးတို့ သဘာဝသတ္တိ တမျိုးတည်းဟု ထင်မှတ်ယူရအောင် စုလျက်, ပေါင်းလျက်, တွဲလျက်, ခဲလျက် ဖြစ်ပွါးခြင်းကို သမူဟဃနခေါ်သည်ဟု ဆိုလိုသည်။ (ဤကား သမူဟဃနတည်း)

(၃) နာမ်ကလာပ် တခုတခု, ရုပ်ကလာပ် တခုတခု၌ ပါရှိကြသည့် နာမ်တရား, ရုပ်တရား အသီးသီးတို့သည် ဆိုင်ရာဆိုင်ရာ မိမိ, မိမိတို့၏ ကိစ္စအလုပ်တို့ကို ပြုလုပ် ပြီးစီးစေကြလျက် ဖြစ်ပွါးကြလေသည်။ ထိုသို့ ဖြစ်ကြရာ၌ (အဘိဓမ္မာ ဉာဏ်ပညာ ဝိပဿနာဉာဏ်

မျက်စိ မရှိသော သူတို့ အဖို့မှာ) – ဤကား ဖဿ၏အလုပ်ကိစ္စ၊ ဤကား ဝေဒနာ၏ အလုပ်ကိစ္စ၊ ဤကား သညာ၏အလုပ်ကိစ္စ စသည်ဖြင့်၎င်း, ဤကား ပထဝီ၏ကိစ္စ၊ ဤကား အာပေါ၏ကိစ္စ၊ ဤကား ဝါယော၏ကိစ္စ၊ ဤကား တေဇော၏ကိစ္စ စသည်ဖြင့် ၎င်း အလုပ်ကိစ္စအထူးကို သိဖို့ရန် ခဲယဉ်းလှကုန်၏၊

ယင်းသို့ နာမ်တရား, ရုပ်တရားတို့၏ မိမိ, မိမိတို့၏ ဆိုင်ရာကိစ္စအထူးကို သိနိုင်ခဲသော အနေဖြင့် တရားလုံးတခုတည်းဟု ထင်မှတ်ရအောင် စုလျက်, တွဲလျက်, ခဲလျက် ဖြစ်ပွါးမှု ကို ကိစ္စဃနခေါ် သည်။ (ဤကား ကိစ္စဃနတည်း)

(၄) နာမ်ကလာပ်တခုတခု၌ပါရှိသော ထိုထိုနာမ်တရားတို့၏အာရုံတခုကို စု၍ ပေါင်း၍ အာရုံပြုသောအနေဖြင့်၎င်း၊ ရုပ်ကလာပ်တခုတခု၌ ပါရှိသော ထိုထိုရုပ်တရားတို့၏ အာရုံ တခုတည်းအနေဖြင့်၎င်း ပရမတ္ထတရားသား (သဘာဝသတ္တိ) တခုတည်းဟု ထင်မှတ်ရ အောင် စုလျက်, တွဲလျက်, ခဲလျက်ဖြစ်ပွါးခြင်းကို အာရမ္မဏဃနခေါ်သည်။ (ဤကား အာရမ္မဏဃနတည်း)

အချုပ်အားဖြင့် အကြောင်းပစ္စည်းတရား, အကျိုးပစ္စယုပ္ပန်တရား အနေဖြင့် ဖြစ်ပွါးကြ သည့် များစွာသော ရုပ်နာမ်တရားတို့၏ ကာလအားဖြင့်၊ သဘာဝအားဖြင့်၊ ကိစ္စအားဖြင့်၊ အာရုံသဘောအားဖြင့်၊ အထူးအပြားကို သိနိုင်ခဲသော အနေအားဖြင့် တရားလုံး တရားသား တခုတည်းကဲ့သို့ ထင်မှတ်ယူရအောင် ဖြစ်ပွါးခြင်းကို အစဉ်အတိုင်း သန္တတိဃန, သမူဟဃန, ကိစ္စဃန, အာရမ္မဏဃနဟူ၍ ခေါ်ဆိုအပ်လေသည်။ (ဤ ဃနလေးပါး အကြောင်းကို ဓမ္မသင်္ဂဏီ မူလဋီကာ စာမျက်နှာ ၆၀–နှင့် ဓမ္မသင်္ဂဏီ အနုဋီကာ စာမျက်နှာ ၆၆–တို့မှ ထုတ်နုတ်ဖော်ပြအပ်သည်)။

ထိုထို နာမ်ရုပ်တရားတို့၏ သဘာဝသတ္တိကို ဉာဏ်မျက်စိ ဖြင့် ရှုကြည့်နိုင်မှ ပရမတ္ထသို့ အမြင်ဆိုက်ရောက်သည်၊ ပရမတ္ထသို့ အသိဉာဏ် အမြင် ဆိုက်ရောက်မှ ဃနပြိုသည်။ ဃနပြိုမှ အနတ္တအသိဉာဏ်ကို ရနိုင်သည်။ သဘာဝ သတ္တိကို ဉာဏ်မျက်စိဖြင့် မရှုကြည့်

က ပရမတ္ထသို့ အမြင်မဆိုက်၊ ပရမတ္ထသို့ အသိဉာဏ် အမြင် မဆိုက်လျှင် ဃနမပြို၊ ဃန မပြိုလျှင် အနတ္တအသိဉာဏ်ကို မရနိုင်၊ ထို့ကြောင့် **“အနတ္တ လက္ခဏာကို ဃနဖုံးသည်”** ဟု ပညာရှိတို့ မိန့်ဆိုတော်မူကြသည်။

**ရှေ့နောက်တရား၊ ခဏပြားလျှက်၊ ပိုင်းခြားမပြတ်၊ ငါကောင်မှတ်၊ ခေါ်လတ် သန္တတိ ဃနတည်း။**

မြင်ပြီးနောက် စဉ်းစားမှု၊ မြင်ပြီးနောက် ကြားမှု၊ ရှေးရှေးမြင်မှုနှင့် နောက်နောက်မြင်မှု စသည်တို့သည် ဖြစ်ခိုက်ခဏအားဖြင့် တခြားစီကွဲပြားနေ၏။ သို့သော် ဖြစ်ခိုက်မှာ မရှုနိုင်သူများသည် မြင်ခြင်း, စဉ်းစားခြင်း, ကြားခြင်း–စသည်တို့ကို ငါဟုထင်မှတ်စွဲလမ်းနေကြ၏။ ရှေ့နောက်ရုပ်နာမ်တရားများကို တစ်ခုတည်း တစ်ယောက်တည်းအနေဖြင့် ထင်မှတ်မှု သန္တတိဃနဖြစ်ပေါ်နေ၏။ ထို့ကြောင့် ဖြစ်တိုင်းဖြစ်တိုင်းသော အာရုံများကို ရှုမှတ်မှု ဝိပဿနာဉာဏ်ဖြင့်သာ သန္တတိဃနကို ချေဖျက်နိုင်ပေသည်။

**ရုပ်နာမ်အများ၊ သဘောပြားလျှက်၊ ပိုင်းခြားမပြတ်၊ ငါကောင်မှတ်၊ ခေါ်လတ် သမူဟ ဃနတည်း။**

ခြေလက်စသည်တို့ကို မြင်သောအခါ မျက်စိရုပ်က တခြား၊ မြင်ရသော အဆင်းရုပ်က တခြား၊ မြင်သိစိတ်က တခြား၊ မြင်၍ကောင်းမှု မကောင်းမှုဟုဆိုရသော ခံစားမှုက တခြား ကွဲပြားလျက်သာ ဖြစ်ပေါ်နေ၏။ သို့သော် မြင်ခိုက်၌ ဝိပဿနာ မရှုနိုင်သော ပကတိလူများသည် မျက်စိနှင့် တကိုယ်လုံးကိုလည်း ငါ၊ မြင်ရသော လက်–စသည်ကို လည်း ငါ၊ မြင်သိစိတ်ကိုလည်း ငါ–စသည်ဖြင့် ထင်မှတ်စွဲလမ်းနေကြ၏။ မြင်မှု ကြားမှု နံမှု–စသည့် အလုံးစုံတို့ကိုလည်း တပေါင်းတည်းပြုကာ ငါဟု ထင်မှတ်စွဲလမ်းနေကြ၏။ ဤသို့ သမူဟဃနဖြစ်ပေါ်လျှက် အတ္တကောင် ငါကောင်အနေဖြင့် စွဲလမ်းနေကြ၏။

**ရုပ်နာမ်အများ၊ ကိစ္စပြားလျှက်၊ ပိုင်းခြားမပြတ်၊ ငါကောင်မှတ်၊ ခေါ်လတ် ကိစ္စ ဃနတည်း။**

မြင်သိစိတ် စက္ခုဝိညာဏ်သည် မြင်မှုကိစ္စ၊ ကြားသိစိတ် သောတဝိညာဏ်သည် ကြားမှု ကိစ္စ–စသည်ဖြင့် သူ့ကိစ္စနှင့်သူ အသီးသီး ကွဲပြားနေ၏။ သို့သော် မြင်ခိုက်စသည်၌ မရှုနိုင် သူများသည် မြင်သိတာလည်း ငါ၊ ကြားသိတာလည်း ငါ စသည်ဖြင့် တကိုယ်တည်း

တယောက်တည်းအနေဖြင့် ထင်မှတ်နေကြ၏။ မျက်စိက မြင်စေ၏, အဆင်းက အမြင်ခံရ၏, စက္ခုဝိညာဏ်က မြင်သိ၏–စသည်ဖြင့် ကိစ္စများ အသီးသီးကွဲပြားနေပါလျှက် တလုံးတခဲတည်း တကိုယ်တည်း ထင်မြင်မှုကို ကိစ္စဃနခေါ်၏။ ထိုကိစ္စဃနဖြစ်ပေါ်နေသောကြောင့် အနတ္တလက္ခဏာ မထင်ရှားနိုင်ချေ။

**နာမ်သဘောများ၊ အာရုံပြားလျှက်၊ ပိုင်းခြားမပြတ်၊ ငါကောင်မှတ်၊ ခေါ်လတ် အာရမ္မဏဃနတည်း။**

မြင်သိစိတ်က အဆင်းကို အာရုံပြု၏, ကြားသိစိတ်က အသံကို အာရုံပြု၏, နံသိစိတ်က အနံ့ကို အာရုံပြု၏, စားသိစိတ်က အရသာကို အာရုံပြု၏, ထိသိစိတ်က အတွေ့အထိကို အာရုံပြု၏, ကြံသိစိတ်က အာရုံမျိုးစုံကို အာရုံပြု၏–ဟူ၍ အာရုံအားဖြင့် ကွဲပြားနေသော်လည်း မြင်, ကြား, နံ, စား–စသည်ကို တကိုယ်တည်း တယောက်တည်း ထင်မှတ်နေခြင်းသည် အာရမ္မဏဃနကြောင့်ပေတည်း။

**ဖြစ်ခိုက်တရား၊ မပိုင်းခြား၍၊ လေးပါးဃန၊ ထင်ပေါ်က၊ အတ္တစွဲလမ်းသည်။**

**ဖြစ်ခိုက်တရား၊ ရှုပိုင်းခြား၍၊ လေးပါးဃန၊ ကျေပျက်မှ၊ အနတ္တဉာဏ်ဖြစ်သည်။**

**ဉာဏ်မှန်အနတ္တ၊ ပြည့်စုံမှ၊ အရိယမဂ်ဉာဏ်ဆိုက်ရောက်သည်။**

ထို့ကြောင့် ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော ဤခန္ဓာကိုယ်တောင်ပို့ကြီးကို ပေါက်တူးနှင့်တူသော ဝိပဿနာဉာဏ်ပညာဖြင့် တူးဆွကာ တန်ဖိုးမရှိသည့် အရာများကို ဖယ်ရှားလျက် အဖိုးတန်အရာများကို ရှာဖွေဖော်ထုတ်ကြရခြင်းသည် ဘဝထဲမှ အနှစ်သာရကို ရယူလိုသူတိုင်း မဖြစ်မနေပြုလုပ်ကြရမည် အလွန်အရေးကြီးသည့် ဘဝပေးတာဝန်လုပ်ငန်းစဉ်ပင် ဖြစ်ပေသည်။